## မေးလေ့မေးထရှိကြသောမေးခွန်းများ (အတို)

(က) မိုင်လပ်ဖ် သည် မြန်မာနိုင်ငံ မြေယာ၊ ကျေးလက်လူမှုဘဝ၊ သစ်တော၊ ငါးလုပ်ငန်း၊ စိုက်ပျိုးစီးပွားလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုနှင့် သဘာဝအရင်းအမြစ်စီမံခန့်ခွဲရေးတို့နှင့်ပတ်သက်သည့် သတင်းအချက်အလက်များကို မျှဝေပေးရန်အတွက် ဖိုရမ်တစ်ခုဖြစ်သည်။

(ခ) အဖွဲ့ဝင်များတွင် အလှူရှင်အဖွဲ့အစည်းများမှ ဝန်ထမ်းများ၊ အစိုးရမဟုတ်သောလူမှုအဖွဲ့အစည်းများ၊ စီမံချက်ကျွမ်းကျင်သူများ၊ ပညာရှင်များနှင့် စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူများပါဝင်သည်။

(ဂ) အဖွဲ့ဝင်ရန်အတွက်ကန့်သတ်ချက်မရှိပါ။ http://groups.google.com/group/MyLAFF တွင် လျှောက်ထားနိုင်သည်။

(ဃ) အဖွဲ့သို့သတင်းစကားပေးပို့လိုပါက၊ အဖွဲ့ဝင်များသည် MyLAFF@googlegroups.com သို့ မည်သည့်အီးမေးလ်ဆော့ဝဲကိုမဆိုအသုံးပြု၍ ပေးပို့နိုင်သည်။ ရှိနှင့်သောသတင်းစကားများကို အကြောင်းပြန်နိုင်သည်။

(င) ၂ရက် ၃ရက်တိုင်းအတွင် သတင်းစကား ၅ခုခန့် တင်ပြထားသည်။ သတင်း၊ ကြေငြာချက်များ၊ မေးခွန်းများ၊ မှတ်ချက်များ ပါဝင်သည်။ မိမိတို့၏ အမြင်များကိုလည်း အဖွဲ့ဝင်များ အလုပ်လုပ်ကိုင်သော အဖွဲ့အစည်းကို မဖော်ပြပဲ အဖွဲ့ဝင်တစ်ဦးချင်းအနေနှင့် ဖော်ပြသည်။

(စ) အဖွဲ့ဝင်များအနေနှင့်သတင်းစကားများလက်ခံရန် အောက်ပါတို့ကိုရွေးချယ်ရပါမည်။ အီးမေးလ်ပို့ပါ (သတင်းစကားတိုင်းကိုရရှိစေနိုင်ရန်)၊ အကျဉ်းချုပ် (သို့မဟုတ်) ရှင်းလင်းလွယ်ကူသော မူများ (တစ်ရက်လျှင်တစ်စောင်)၊ အီးမေးလ်မပို့ပါနှင့် (အွန်လိုင်းတွင်ဖတ်နိုင်သည်) စသည်တို့ဖြစ်သည်။ အဖွဲ့ဝင်များသည် http://groups.google.com/group/MyLAFF တွင် ဝင် (လော့ဂ်အင်) ရမည်။

(ဆ) မိုင်လပ်ဖ် သုတဘဏ်သည် အွန်လိုင်းစာကြည့်တိုက်တစ်ခုဖြစ်သည်။ လိပ်စာမှာ www.mylaff.org. ဖြစ်သည်။ အဖွဲ့ဝင်များသည် စာများ၊ ဖိုင်များ ရယူ(ဒေါင်းလုတ်)နိုင်သည်။ တင်နိုင်သည်။ သုတဘဏ်တွင် မူဝါဒဆိုင်ရာ မှတ်တမ်းများ၊ စီမံချက်အစီရင်ခံစာများ၊ ဖြစ်ရပ်လေ့လာချက်များ၊ ပညာရပ်ဆိုင်ရာစာတမ်းများ နှင့် သင်တန်းလက်စွဲ များ ရာချီ၍ရှိထားသည်။

(ဇ) ဖိုရမ်သို့ပေးပို့သော သတင်းစကားအားလုံးသည် မြန်မာနိုင်ငံတွင်းကျေးလက်ဖွံ့ဖြိုးရေး၊ မြေယာ ပြဿနာများ၊ ရင်းနှီးမြှုပ်နှံမှုနှင့် အရင်းအမြစ်စီမံခန့်ခွဲမှု စသည်တို့နှင့် ဆက်စပ်သော သတင်းစကားများ ဖြစ်ရန်လိုသည်။ အခြားအဖွဲ့ဝင်များအတွက် လုပ်ငန်းဆိုင်ရာ စိတ်ဝင်စားသည့် အရာများဖြစ်ရမည်။ အဖွဲ့ဝင်များသည် ဖိုရမ်ကို စကားစမြည်ပြောရန်အသုံးမပြုရပါ။ ရိုင်းစိုင်းသော ပုတ်ခတ်သော သတင်းစကားများမတင်ရပါ။ ‘ ကွန်ပြူတာမှအလိုအလျောက်ပြန်ဖြေသော’ သတင်းစကားများ ပေးပို့ခြင်းကို ရှောင်ကျဉ်ရပါမည်။

(ဈ) မိုင်လပ်ဖ်သတင်းစကားများတွင် ပူးတွဲဖိုင်များတွဲခွင့်မပြုပါ။ မှတ်တမ်းများကို သုတဘဏ် သို့မဟုတ် အခြား ဖိုင်များကိုတွေ့မြင်နိုင်သည့် ဝက်ဘ်ဆိုဒ်နှင့်ချိတ်ဆက်နိုင်သည့် အဖွဲ့ဝင်များထံတွင် တင်ပေးနိုင်သည်။

(ည) အထူးအခြေအနေများတွင် မှတ်တမ်းများကို ထိန်းချုပ်သူက တိုက်ရိုက် တင်ပေးနိုင်စေရန်အတွက် ထိန်းချုပ် သူထံတိုက်ရိုက်ပေးပို့နိုင်သည်။

(ဋ) မိုင်လပ်ဖ်တွင်တင်သော သတင်းစကားများ၊ မှတ်တမ်းများသည် အင်္ဂလိပ်၊ မြန်မာ သို့မဟုတ် တိုင်းရင်းသား ဘာသာစကားများဖြစ်နိုင်ပ်သည်။

(ဌ) မိုင်လပ်ဖ်အဖွဲ့ဝင်အများစုကို ထိန်းချုပ်မထားပါ။ သူတို့၏သတင်းစကားများသည် အခြားအဖွဲ့ဝင်များထံ အလိုအလျောက်ပေးပို့သွားမည်ဖြစ်သည်။ သို့သော် အဖွဲ့ဝင်တစ်ယောက်သည် ဤအမေးအဖြေတွင် ညွှန်ပြချက်များ ကိုမလိုက်နာပါက ထိန်းချုပ်ထားသောသူများစာရင်းတွင် ရှိနေနိုင်သည်။ ထိုအဖွဲ့ဝင် ပေးပို့သော သတင်းစကား များကို အတည်ပြုခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုလုပ်ရန် ဆုံးဖြတ်ပေးမည့် ထိန်းချုပ်သူများက ပြန်လည်သုံး သပ်မည်ဖြစ်သည်။

(ဍ) မိုင်လပ်ကို မြန်မာနိုင်ငံ ပြည်သူ့ဝန်ဆောင်မှုတစ်ခုအဖြစ် မြေယာမဏ္ဍိုင်အဖွဲ့က စီမံပါသည်။ ထိန်းချုပ်သူမှာ ကက်စပါ ပါမာန ပိတ် ဖြစ်သည်။ လစ်ဖ် ညွှန့်ပေါင်းအဖွဲ့၊ ဖွံ့ဖြိုးရေးနှင့်ပူးပေါင်းရေး ဆွစ်အေဂျင်စီ (SDC).n)က ဘဏ္ဍာရေးဆိုင်ရာ ထောက်ပံ့မှုပေးထားပါသည်။ ထိန်းချုပ်သူထံဆက်သွယ်လိုပါက mylaffmoderator@gmail.com ထံသို့စာရေးသားပေးပို့နိုင်ပါသည်။